**ဗဟိုစာရင်းအင်းအဖွဲ့ ညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့ (၁၀) ကြိမ်မြောက် အာဆီယံအသိုက်အဝန်းစာရင်းအင်းစနစ်ကော်မတီအစည်းအဝေးနှင့် အာဆီယံအသိုက်အဝန်း စာရင်းအင်းစနစ်ဆိုင်ရာအဆင့်မြင့်ဖိုရမ်သို့ Video Conferencing စနစ်ဖြင့် တက်ရောက်**

ဗီယက်နမ်နိုင်ငံ၊ ဟန္တိုင်းမြို့တွင် ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ (၈) ရက်နေ့မှ (၁၀) ရက်နေ့အထိ ကျင်းပသည့် (၁၀)ကြိမ်မြောက် အာဆီယံအသိုက်အဝန်းစာရင်းအင်းစနစ် ကော်မတီ အစည်းအဝေးနှင့် အာဆီယံအသိုက်အဝန်းစာရင်းအင်းစနစ်ဆိုင်ရာ အဆင့်မြင့်ဖိုရမ်သို့ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းဇော် နှင့် အဖွဲ့ Video Conferencing စနစ်ဖြင့် တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ အမျိုးသားစာရင်းအင်းရုံးမှ အကြီးအမှူးများ၊ အာဆီယံအသိုက်အဝန်းစာရင်းအင်းစနစ် ဆပ်ကော်မတီဝင်များ နှင့် လုပ်ငန်း အဖွဲ့ဝင်များ၊ အာဆီယံအတွင်းရေးမှူးရုံးမှ ကိုယ်စားလှယ်များ၊ ဗီယက်နမ်နိုင်ငံရှိ သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ တက္ကသိုလ်များနှင့် မီဒီယာများမှ ကိုယ်စားလှယ်များ၊ အေဂျင်စီများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ဖွံ့ဖြိုးရေး မိတ်ဖက်များ တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးတွင် (၉) ကြိမ်မြောက် အာဆီယံအသိုက်အဝန်းစာရင်းအင်းစနစ် ကော်မတီ အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားရှိမှုများ၊ ၂၀၁၉-၂၀၂၀ ခုနှစ် အာဆီယံ အသိုက်အဝန်းစာရင်းအင်းစနစ်ကော်မတီ၏ ဆောင်ရွက်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးကြပါသည်။


Brunei Darussal...
NIS-CAMBODIA
Statistics Indon...
DOSM Internati...
CSO
Philippine Statis...
Singapore DOS,...
NSOTH


U N D P
UNFPA
MYANMAR


World Statistics Day 2020
"Connecting the World with data we can trust"